**TOYOTA TSUSHO CORPORATION**
Compliance & Crisis Management Dept.
Compliance Management Group

First Edition July 1st , 2016
Second Edition July 2nd , 2018
Third Edition October 1st , 2025

TOYOTA TSUSHO GROUP

TOYOTA TSUSHO GROUP

COCE, for the Future

# ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နီတိများ

# COCE

Global Code of Conduct and Ethics

# ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ်၏ အမှာစကား

မင်္ဂလာပါ အားလုံး

ကျွန်ုပ်တို့ Toyota Tsusho အုပ်စုသည် လူသားများ၊ လူ့အဖွဲ့အစည်းများ၊ ကမ္ဘာကြီးနှင့် အတူတကွနေထိုင်ပြီး၊ အတူတကွ ကြီးပွားတိုးတက်လာစေရန် ဟူသော အသင်းအဖွဲ့၏ ခံယူချက်ကို လက်ကိုင်ထားရင်း၊ လူ့အဖွဲ့အစည်းတစ်ခုလုံး ကြီးပွားတိုးတက်လာစေ နိုင်သည့် တန်ဖိုးမြင့်အရည်အသွေးများကိုဖန်တီးပေးနိုင်သော အသင်းအဖွဲ့တစ်ခုဖြစ်လာစေရန် အစဉ်အမြဲရည်ရွယ်ထားပါသည်။

ကျွန်ုပ်တို့ Toyota Tsusho အုပ်စုသည် မတူကွဲပြားသော နောက်ခံ၊ နိုင်ငံသားအမျိုးအစား၊ အသက်၊ ကျား/မ၊ တို့ပါဝင်သည့် ဝန်ထမ်းဦးရေ ၇၀၀၀၀ ကျော်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ နိုင်ငံပေါင်း ၁၃၀ ကျော်တွင် လုပ်ငန်းများ လည်ပတ်လျက်ရှိပါသည်။ ထိုကဲ့သို့ မတူကွဲပြားမှုများရှိသော်လည်း အသင်းအဖွဲ့၏ ခံယူချက်သည် ကျွန်ုပ်တို့ အားလုံးအား အတူအကွ ပေါင်းစည်းသွားစေပါသည်။ ကျွန်ုပ်တို့အသင်းအဖွဲ့၏ အပြုအမူဆိုင်ရာလမ်းညွှန်ချက်များသည် အသင်းအဖွဲ့၏ခံယူချက်ကို အကောင်အထည်ဖော်ရန်အတွက် အခြေခံစည်းမျဉ်းဖြစ်ပြီး၊ ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ် နီတိများ (ခေါ်) COCE သည်ထိုအခြေခံစည်းမျဉ်းများအတွက် ပိုမိုအသေးစိတ်၍ တိကျခိုင်မာသော မူဘောင်တစ်ခုအနေဖြင့် ပံ့ပိုးပေးပါသည်။

ကုမ္ပဏီတစ်ခုအနေဖြင့် တိုးတက်ကြီးထွားလာစေရန်၊ "Be the Right ONE" (ခေါ်) "မှန်ကန်သူတစ်ဦးဖြစ်ရမည်" ဟူသည့် စိတ်ဓာတ်ကို မဖြစ်မနေ မွေးမြူထားရင်း၊ လူ့အဖွဲ့အစည်းနှင့် ကျွန်ုပ်တို့ဖောက်သည်များ၏ ယုံကြည်မှုနှင့် အစဉ်တစိုက်ရွေးချယ်မှုကို အမြဲတစေရရှိနေစေရမည်ဖြစ်ပါသည်။ ယုံကြည်မှုဆိုသည်မှာ တစ်နေ့တည်းနှင့်ရရှိနိုင်သောအရာတစ်ခု မဟုတ်ပါ။ ကျွန်ုပ်တို့အားလုံး အစဉ်တစိုက်နှင့် နေ့စဉ်ပြုလုပ်သော လုပ်ငန်းဆောင်တာဆုံးဖြတ်ချက်များ၊ စစ်မှန်သောလုပ်ရပ်များမှတစ်ဆင့် တဖြည်းဖြည်းချင်းတည်ဆောက်ယူရပါမည်။ ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နီတိများ (ခေါ်) COCE သည် သမာသမတ်ကျကျလုပ်ဆောင်နိုင်ရန်၊ မှန်ကန်သောလမ်းကြောင်းပေါ်တွင် တည်ရှိနေစေရန်အတွက် လမ်းညွှန်ပေးပါသည်။

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာအနှံ့ နယ်ပယ်မျိုးစုံတွင် ကြီးမားကျယ်ပြန့်လာသည်နှင့်အမျှ ကျွန်ုပ်တို့အားလုံးကိုယ်စီသည် ပိုမိုရှုပ်ထွေးပြီး၊ တစ်ခုတည်းသော "မှန်ကန်သည့်" အဖြေဟူ၍မရှိသလောက်ဖြစ်သော ပတ်ဝန်းကျင်တစ်ခုတွင် ပါဝင်လှုပ်ရှားနေရကြောင်း ကိုယ်တိုင်သိရှိလာရပါသည်။ ထိုကဲ့သို့သောအခြေအနေတွင် အပြောင်းအလဲများကို  ကြောက်ရွံ့မနေပဲ၊ စိန်ခေါ်မှုအသစ်များကို လက်ခံပြီး ရဲဝံ့စွာ ရင်ဆိုင်ရပါမည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် ကျွန်ုပ်တို့သည် မြဲမြံ၍ ယိမ်းယိုင်ခြင်းမရှိသော စံတန်ဖိုးများနှင့် အခိုင်အမာရပ်တည်နေဖို့ ပိုမိုအရေးကြီးလာပြီ ဖြစ်ပါသည်။

Toyota Tsusho အုပ်စုအဖွဲ့ဝင်တစ်ဦးချင်းစီအနေဖြင့် သင်သည် COCE ကိုကောင်းစွာနားလည်သဘောပေါက်ရန်၊ သင်တို့၏ နေ့စဉ်လုပ်ငန်းကိစ္စရပ်များ၊ ဆုံးဖြတ်ချက်များအတွက် အခြေခံအုတ်မြစ်အဖြစ် လိုက်နာကျင့်သုံးကြရန်၊ အလေးအနက်ထား၍ တိုက်တွန်းအပ်ပါသည်။ မိမိလုပ်ဆောင်နေသော အလုပ်အကြောင်း၊ မိမိပါဝင်နေသောလုပ်ငန်းအကြောင်းတို့ကို မိမိ၏မိသားစု၊ မိတ်ဆွေတို့အား ဂုဏ်ယူစွာပြောပြနိုင်ပါသလားဟု သင့်ကိုယ်သင် အမြဲမေးပါ။

ကျွန်ုပ်တို့သည် Toyota Tsusho အုပ်စု၏ အနာဂတ်ကို ဖန်တီးပုံဖော်ပေးသည့်အဖွဲ့ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို အနာဂတ်ကလေးငယ်များအတွက်လက်ဆင့်ကမ်းပေးခဲ့နိုင်ရန်၊ COCE ကို လမ်းညွှန်သံလိုက်အိမ်မြှောင်တစ်ခုအဖြစ် ခံယူရင်း ရှေ့သို့ ဆက်လက်ချီတက်ကြပါစို့။



**တိုရှိမိစု အီမားအိ**

ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ်
Toyota Tsusho Corporation



# ဤစာအုပ်ငယ်နှင့်ပတ်သက်၍

ဆုံးဖြတ်ချက်များ ချရသည့်အခါ သို့မဟုတ် မသေချာမရေရာမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ Toyota Tsusho အုပ်စု၏ အဖွဲ့ဝင်အားလုံးအတွက် ဆုံးဖြတ်ချက်စံနှုန်း နှင့် စံတန်ဖိုးတစ်ခုအဖြစ် ဤစာအုပ်ငယ်သည် ကမ္ဘာလုံးဆိုင်ရာကျင့်ဝတ်နီတိများကို လွယ်ကူစွာ နားလည်သဘောပေါက်နိုင်စေရန် ရှင်းပြပေးထားပါသည်။
အချိန်မရွေးရည်ညွှန်းကိုးကားရန်အတွက် ဤစာအုပ်ငယ်ကို သင်၏လက်ဝယ်တွင်ထားရှိပါ။





- ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နီတိ ဆိုသည်မှာ အဘယ်နည်း? ...... 04
- ရည်မှန်းချက်၊မျှော်မှန်းချက်၊တန်ဖိုးများ နှင့် COCE ...... 06
- COCE မှ ၁၀ ချက် ...... 08
- COCE အတည်ပြု ဇယား ...... 16
- COCE ချိုးဖောက်ပါက သတင်းပို့အကြောင်းကြားပေးပါရန် ...... 18

# ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နီတိ (COCE) ဆိုသည်မှာအဘယ်နည်း?

COCE, for the Future

ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နီတိ (COCE) ဆိုသည်မှာ Toyota Tsusho အုပ်စု၏ အသင်းအဖွဲ့ ခံယူချက်ကို ပံ့ပိုးပေးနိုင်သော အပြုအမူဆိုင်ရာ လမ်းညွှန်ချက်များကို ရှင်းလင်း၊ တိကျစွာဖြင့် ပုံဖော်ထားသည့် ကမ္ဘာတစ်ဝှမ်းလုံးက လိုက်နာကျင့်သုံးနိုင်သော စံနှုန်းများနှင့် ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများကို စုစည်းထားခြင်းဖြစ်ပါသည်။

Toyota Tsusho အုပ်စု၏ အဖွဲ့ဝင်အားလုံးသည် နေ့စဉ်အလုပ်ကိစ္စရပ်များဆောင်ရွက်ရာတွင်၄င်း၊ အသင်းအဖွဲ့ ခံယူချက်ကိုဦးတည်ကြိုးပမ်းရာတွင်၄င်း၊ ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နီတိ (COCE) ကို အခြေခံစံနှုန်း၊ အခြေခံဆုံးဖြတ်ချက်အဖြစ် မွေးမြူပြီးတန်ဖိုးထားလုပ်ဆောင်ရပါမည်။

## Toyota Tsusho အုပ်စု၏ အခြေခံကျသော ခံယူချက်

### ကော်ပိုရိတ် (အသင်းအဖွဲ့ နှင့်ဆိုင်သော) သဘောတရားခံယူချက်/ဒဿန

ပြည်သူများ၊ လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးတွင်အတူတကွနေထိုင်၍ ချမ်းသာကြွယ်ဝသော လူ့အဖွဲ့အစည်းတစ်ရပ်အား ဖန်တီးရန်ပါဝင်ဆောင်ရွက်ပေးသည့် တန်ဖိုးကြီးမားသော ကော်ပိုရေးရှင်းတစ်ရပ်ကို ပေါ်ပေါက်လာစေရန် ကျွန်ုပ်တို့အနေဖြင့် ရည်မှန်းချက်ထားရှိပါတယ်။

### အမူအကျင့်ဆိုင်ရာလမ်းညွှန်ချက်

ကောင်းမွန်သော ကော်ပိုရိတ် (အသင်းအဖွဲ့)၏ နိုင်ငံသား တစ်ဦးဖြစ်သဖြင့် -

- ကျွန်ုပ်တို့အနေဖြင့် ပွင့်လင်းမြင်သာမျှတသော လုပ်ငန်းလည်ပတ်မှုများကို ဆောင်ရွက်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊
- ကျွန်ုပ်တို့အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လူမှုရေးသဘောဖြင့် တာဝန်ယူ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊
- ကျွန်ုပ်တို့သည် ဖန်တီးနိုင်စွမ်းရှိအောင်ကြိုးပမ်း၍ တန်ဖိုးမြင့်မားလာစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊
- ကျွန်ုပ်တို့သည် လူသားများအားရိုသေလေးစား၍ အလုပ်လုပ်ကိုင်သောအလုပ်ခွင် ဖန်တီးဆောင်ရွက်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း။

**COCE ကို အောက်ပါအခြေခံမှုများဖြင့် ဖွဲ့စည်းထားပါသည်။**

- ဘေးကင်းလုံခြုံရေးနှင့် စည်းကမ်းလိုက်နာမှုသည် အလုပ်အားလုံးအတွက် အဓိကဖြစ်ပါသည်။
- စာရင်းဝင်ကုမ္ပဏီအနေဖြင့် မှန်ကန်တိကျသော ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်ရပါမည်။
- ဥပဒေများနှင့်သာမက ရုံးတွင်းစည်းမျဉ်းစည်းကမ်းများ၊ အသင်းအဖွဲ့၏ ကျင့်ဝတ်များကိုပါ လိုက်နာကျင့်သုံးရပါမည်။
- လူ့အဖွဲ့အစည်းကို ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် အတွက် ပတ်ဝန်းကျင်အား ထည့်သွင်းစဉ်းစားနေစဉ်၌ပင်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် တိုးတက်မှုတို့မှတစ်ဆင့် ထပ်ဆင့်တန်ဖိုးများ မြှင့်တင်ပေးရပါမည်။
- လူ့အခွင့်အရေးကို လေးစားလိုက်နာ၍ မတူကွဲပြားမှုကို လက်ခံယုံကြည်ရပါမည်။






# ရည်မှန်းချက်၊ မျှော်မှန်းချက်၊ တန်ဖိုးများ နှင့် COCE




ကျွန်ုပ်တို့၏ ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့် တန်ဖိုးများကို အကောင်အထည်ဖော်နိုင်ရန်အတွက် လမ်းညွှန် သံလိုက်အိမ်မြှောင် တစ်ခုအဖြစ် COCE မှ ဆောင်ရွက်ပေးပါသည်။




* Gembality: Combination of “Gemba” [Gemba = “Genchi” (on-site) + “Genbutsu” (hands-on)] + “reality










# ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နိတိများ










# ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နီတိများ

မူ ၁၀ ချက်

၁ ကျန်းမာရေးနှင့်ညီညွတ်၍ဘေးအန္တရာယ်ကင်းရှင်းသောအလုပ်ခွင် ပတ်ဝန်းကျင်အားဖန်တီးရန် ANZEN အားကျွန်ုပ်တို့ကတိကဝတ်ပြုသည်။

၂ အဂတိ လိုက်စားမှု တိုက်ဖျက်ရေး၊ ယှဉ်ပြိုင်မှုဥပဒေ၊ ကုန်သွယ်ရေးဥပဒေနှင့်စည်းမျဉ်းစည်းကမ်း အပါအဝင်သက်ဆိုင်ရာဥပဒေစည်းမျဉ်းများအားလုံးကို ကျွန်ုပ်တို့လိုက်နာဆောင်ရွက်ပါမည်။

၃ တိကျသည့် ဘဏ္ဍာရေး အစီရင်ခံခြင်းဖြင့် ကျွန်ုပ်တို့ ကတိကဝတ် ပြုသည်။

၄ ကုမ္ပဏီစည်းမျဉ်းများအားလုံးကိုလိုက်နာရေးအတွက်ကျွန်ုပ်တို့တာဝန်ခံရမည်။

၅ ကျွန်ုပ်တို့သည်ဖြောင့်မှန်မှု၊ရိုးသားမှုနှင့်ပွင့်လင်းမြင်သာမှုများဖြင့်ပြုမူဆောင်ရွက်ပေးမည်။ အစုရှယ်ယာဝင်အားလုံးကြားယုံကြည်မှုပိုမိုဖြစ်စေပြီးအကာအကွယ်ပေးပါမည်။

၆ လူ့အဖွဲ့အစည်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင်ကျွန်ုပ်တို့ပါဝင်ဆောင်ရွက်ပေးပါမည်။

၇ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် လုပ်ငန်းလည်ပတ်မှုကို ကျွန်ုပ်တို့အနေဖြင့် ပိုမိုဖြစ်ထွန်း အောင်ဆောင်ရွက်သွားပါမည်။

၈ ဖန်တီးတီထွင်နိုင်ခြင်းနှင့် KAIZEN တို့မှတန်ဖိုးကိုကျွန်ုပ်တို့ဖြည့်စွက်ပေးပါမည်။ (အဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်ခြင်း)

၉ လူ့အခွင့်အရေးကို ကျွန်ုပ်တို့ လေးစားပါမည်။

၁၀ ကျွန်ုပ်တို့ကုမ္ပဏီနှင့်လူ့အဖွဲ့အစည်းအတွင်းမတူကွဲပြားမှုနှင့်အားလုံးပါဝင်လာမှုကိုကျွန်ုပ်တို့ လက်ခံ ဆောင်ရွက်သွားမည်။



## ၁ ကျန်းမာရေးနှင့်ညီညွတ်၍ဘေးအန္တရာယ်ကင်းရှင်းသော အလုပ်ခွင်ပတ်ဝန်းကျင်အားဖန်တီးရန် ANZEN အားကျွန်ုပ်တို့ ကတိကဝတ်ပြုသည်။

ANZEN FIRST

**ကျွန်ုပ်တို့အဖွဲ့ဝင်များအားလုံးဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးသည်ကျွန်ုပ်တို့လုပ်ငန်းဆောင်ရွက်မှုများ၏အခြေခံအုတ်မြစ်ဖြစ်သည်။**

ထို့ကြောင့်

- ကျွန်ုပ်တို့အချင်းချင်းဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးအကာအကွယ်ပေးရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်ထိခိုက်သောပုဂ္ဂိုလ်တစ်ဦးဦးအားအကာအကွယ်ပေးရန်သင့်တော်သည့် အစီအမံများကိုကျွန်ုပ်တို့ချမှတ်ဆောင်ရွက်ရမည်။
- ဘေးအန္တရာယ်ကင်းရှင်းရေး၊ကျန်းမာရေးဆိုင်ရာဥပဒေစည်းမျဉ်းစည်းကမ်းနှင့်ဌာနတွင်းစံ သတ်မှတ်ချက်များအားလုံးကို ကျွန်ုပ်တို့လိုက်နာရမည်။
- ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးအတွက်သင်တန်းပေးခြင်းနှင့်ကြိုတင်စီမံဆောင်ရွက် ခြင်းတွင်ကျွန်ုပ်တို့အားတက်သရောပါဝင်ဆောင်ရွက်ပါမည်။
- ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးစီမံခန့်ခွဲမှုစနစ်တွင် ကျွန်ုပ်တို့ပိုမိုတိုးတက်ဖြစ်ထွန်း အောင် အသုံးချဆောင်ရွက်သွားမည်။










## ၂ အဂတိ လိုက်စားမှု တိုက်ဖျက်ရေး၊ ယှဉ်ပြိုင်မှု ဥပဒေ၊ ကုန်သွယ်ရေးဥပဒေနှင့်စည်းမျဉ်းစည်းကမ်းအပါအဝင် သက်ဆိုင်ရာဥပဒေစည်းမျဉ်းများအားလုံးကို ကျွန်ုပ်တို့လိုက်နာ ဆောင်ရွက်ပါမည်။

**ကျွန်ုပ်တို့၏ကော်ပိုရိတ်လုပ်ငန်းလည်ပတ်မှုအားလုံးတွင်စည်းကမ်းလိုက်နာဆောင်ရွက်ခြင်းသည်မရှိမဖြစ်လိုအပ်သည့် အရာတစ်ရပ်ဖြစ်သည်။စည်းကမ်းတစ်ခုလောက်လိုက်နာဆောင်ရွက်ခြင်းမရှိသည့်လုပ်ရပ်သည်ကျွန်ုပ်တို့၏ ဂုဏ်သတင်းထင်ပေါ်ကျော်ကြားမှုနှင့်လုပ်ငန်းတန်ဖိုးကိုအလွန်ပင် ထိခိုက်ပျက်စီးစေနိုင်သည်။**

ထို့ကြောင့်

- ကျွန်ုပ်တို့သည်ဥပဒေစည်းမျဉ်းစည်းကမ်းများအားလုံးကိုအကျွမ်းတဝင်ဖြစ်ရမည်။(နိုင်ငံတကာ စည်းမျဉ်းများ အပါ အဝင်) ၎င်းသည်အမြဲတမ်းအတိအကျလိုက်နာဆောင်ရွက်၍ တာဝန်ယူထားသည့်နယ်ပယ်အားစိုးမိုးစေသည်။
- ကျွန်ုပ်တို့သည်မရေရာသောဖြစ်စဉ်အခြေအနေများတွင်အထူးကိစ္စများအတွက်အရည်အချင်းရှိသော ဥပဒေအတိုင်ပင်ခံ(သို့) ဥပဒေရေးရာဌာနမှကျွန်ုပ်တို့အနေဖြင့်အကြံဉာဏ်ယူရမည်။
- သတ်မှတ်ပေးထားသောသင့်တော်သည့်လမ်းကြောင်းများမှတဆင့်စည်းကမ်းလိုက်နာခြင်းမရှိသည်များကိုကျွန်ုပ်တို့အနေ ဖြင့်အစီရင်ခံပေးရမည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးတစ်ခုတည်းသောချိုးဖောက်မှု၊ ယုံကြည်မှုအားဖောက်ဖျက်ခြင်းနှင့် ယှဉ်ပြိုင်မှုဥပဒေ (သို့)ကုန်သွယ်ရေးဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများသည် ကြီးမားသော ပြစ်ဒဏ်ကို ခံယူစေနိုင်၍ရာဇဝတ်ကြောင်းအရ စွဲချက်အတင်ခံရနိုင်ပြီးတစ်ဦးချင်းနှင့် ကုမ္ပဏီ နှစ်မျိုးစလုံးကို အဖတ်ဆယ်၍မရနိုင်သောဂုဏ်သတင်းထိခိုက်မှုကိုဖြစ်ပေါ်စေသည်။**

ထို့ကြောင့် -

- သက်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ယုံမှတ်အပ်နှံမှုဖောက်ဖျက်ခြင်းနှင့်ယှဉ်ပြိုင်ဥပဒေ၊ ကုန်သွယ်ရေးဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကိုကျွန်ုပ်တို့အနေဖြင့်အပြည့်အဝကိုယ်ကိုယ်တိုင်ပညာပေးနေရမည်။ အမြဲတမ်း၎င်းတို့အားအတိကျ လိုက်နာနေရမည်။
- ကျွန်ုပ်တို့သည် တရားမဝင်သော သို့မဟုတ် ကျင့်ဝတ်နှင့်မညီသော ရည်ရွယ်ချက်များဖြင့် လက်ဆောင်များ၊ အစားအသောက်များ၊ ဧည့်ခံဖျော်ဖြေမှုများ၊ အလှူငွေပေးအပ်ခြင်းများ သို့မဟုတ် ပံပိုးမှုများကို ကမ်းလှမ်းခြင်း၊ ပေးကမ်းခြင်း၊ လက်ခံခြင်းတို့ လုံးဝ မပြုလုပ်ရပါ။
- ယုံကြည်မှုအားဖောက်ဖျက်မှု/ယှဉ်ပြိုင်ဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းဖောက်ဖျက်မှုများကို ဖြစ်ပေါ်စေနိုင်သောလုပ်ငန်းဆောင်ရွက်မှုများအားရှောင်ရှား၍ဈေးကွက်တွင်မျှမျှတတယှဉ်ပြိုင် ရမည်။
- ယှဉ်ပြိုင်သူများကိုတွေ့သည့်အခါတိုင်းဈေးကွက်ရှယ်ယာ၊ဈေးကွက်ထိုးဖောက်ခြင်း၊ ဈေးနှုန်းနှင့် ဈေးနှုန်းသတ်မှတ်သည့် မဟာဗျူဟာများအပါအဝင်အထူးသဖြင့်ထိလွယ်ရှလွယ်သော သတင်းအချက်အလက်များအပေါ်တွေ့ဆုံဆွေးနွေးခြင်းမပြုရန်ကျွန်ုပ်တို့အနေဖြင့်အထူးသတိထားလိုက်နာကျင့်သုံးဆောင်ရွက်ရမည်။
- အချို့သောအချက်အလက်များ(သို့)ရည်မှန်းချက်(သို့)စာချုပ်ဝင်များမှဟန့်တားခြင်း၊ပိတ်ဆို့ခြင်းများကိုကျွန်ုပ်တို့လက်ခံရမည်။သက်ဆိုင်ရာဥပဒေစည်းမျဉ်းစည်းကမ်းအရအပြည်ပြည်ဆိုင်ရာလုပ်ငန်းများအားလုံးကိုသေချာအောင်ပိုအလေးထားဆောင်ရွက်ရမည်။



## ၃ တိကျသည့် ဘဏ္ဍာရေး အစီရင်ခံခြင်းဖြင့် ကျွန်ုပ်တို့ ကတိကဝတ် ပြုသည်။

**အများပြည်သူသိရှိအောင်ဖော်ပြထားသောကုမ္ပဏီအဖွဲ့ဝင်အနေဖြင့်ကျွန်ုပ်တို့အတွက်လည်းကောင်း၊ကျွန်ုပ်တို့၏သက်ဆိုင်သူများအတွက်လည်းကောင်း၊ ငွေရေး၊ကြေးရေးသတင်းအချက်အလက် တိကျမှုသည် မရှိမဖြစ်လိုအပ်သည်။**

ထို့ကြောင့် -

- ကျွန်ုပ်တို့ ပေးထားသော (သို့) တင်ပြသော ကိန်းဂဏန်းများကို စီစစ်အတည်ပြုရန် ကျွန်ုပ်တို့ပို၍အလေးထားရမည်။
- သက်ဆိုင်ရာစာရင်းဇယားဆိုင်ရာအခြေခံမူများကိုကျွန်ုပ်တို့လိုက်နာရမည်။
- ကျွန်ုပ်တို့၏ငွေကြေး၊ကြေးရေးသတင်းအချက်အလက်များကိုအချိန်နှင့် တပြေးညီအတိအကျ အလွဲလွဲအချော်ချော်မဖြစ်စေ ဘဲထုတ်ဖော်ရမည်။
- လုပ်ငန်းအားလုံး၏အားကိုးအားထားပြုရသောအတိအကျစီစစ်အတည်ပြုရသော မှတ်တမ်းများကို သိမ်းဆည်းထားရမည်။







## ၄ ကုမ္ပဏီစည်းမျဉ်းများအားလုံးကိုလိုက်နာရေးအတွက်ကျွန်ုပ်တို့တာဝန်ခံရမည်။

- ကုမ္ပဏီစည်းမျဉ်းများအားလုံးကိုကျွန်ုပ်တို့နားလည်လိုက်နာရမည်။
- စည်းကမ်းသေဝပ်မှုဆိုင်ရာအရေးယူမှုများကိုဖြစ်ပေါ်စေနိုင်သောကုမ္ပဏီစည်းမျဉ်းချိုးဖောက်မှုများကိုနားလည်သိရှိ၍ကျွန်ုပ် တို့အနေဖြင့် တာဝန်ယူဖြေရှင်းရမည်။

## ၅ ကျွန်ုပ်တို့သည်ဖြောင့်မှန်မှု၊ရိုးသားမှုနှင့်ပွင့်လင်းမြင်သာမှုများ ဖြင့်ပြုမူဆောင်ရွက်ပေးမည်။ အစုရှယ်ယာဝင်အားလုံးကြား ယုံကြည်မှုပိုမိုဖြစ်စေပြီးအကာအကွယ်ပေးပါမည်။

**ကောင်းမွန်သောကော်ပိုရိတ်လုပ်ငန်းဆိုင်ရာနိုင်ငံသားတစ်ဦးအနေဖြင့်ဥပဒေစည်းမျဉ်းစည်းကမ်းများကိုအဆုံးစွန်ဆုံး လိုက်နာ၍ရိုးသားမှု၊ဖြောင့်မှန်မှုနှင့်ပွင့်လင်းမြင်သာမှုရှိအောင်ဆောင်ရွက်သွားရန်ကတိကဝတ်ပေးခြင်းဖြင့် အစုရှယ်ယာများ၏ယုံကြည်မှုကိုပိုမိုမြင့်မားစေ၍ကျွန်ုပ်တို့၏လုပ်ငန်းလည်ပတ်မှုအခြေခံအုတ်မြစ်အဖြစ်ဆောင်ရွက်သွား ပါမည်။**

ထို့ကြောင့် -

- ကျွန်ုပ်တို့သည်အမြတ်အစွန်းကိုသာမျှော်ကိုးမည်မဟုတ်ပါ။မတူကွဲပြားသည့်သက်ဆိုင်သူများ ၏အကျိုးစီးပွားကိုကျွန်ုပ်တို့အနေဖြင့်ထည့်သွင်းစဉ်းစား၍၎င်းတို့ထံမှယုံကြည်မှုရရှိအောင်ကျွန်ုပ် တို့ ကြိုးပမ်းသွားမည်။
- ပြည်တွင်းနှင့်နိုင်ငံတကာကျင့်ဝတ် အစစ်ဆေး အကဲဖြတ်မှုတွင်မထိခိုက်ဘဲရှိသောကော်ပိုရိတ် လုပ်ငန်းလည်ပတ်မှုကိုသာကျွန်ုပ်တို့တာဝန်ယူဆောင်ရွက်သွားမည်။
- ကျွန်ုပ်တို့သည်လျှို့ဝှက်သတင်းအချက်အလက်များ၊ကိုယ်ရေးကိုယ်တာအချက်အလက်များ၊ ဉာဏ ပစ္စည်းနှင့်ကျွန်ုပ်တို့နှင့်အခြားသူများ၏ကုန်သွယ်မှုလျှို့ဝှက်ချက်များကိုလေးစားမည်။ အကာအကွယ်ပေးရမည်။
- ဥပဒေနှင့်မလွတ်ကင်းသည့်လုပ်ငန်း (သို့) အစီအစဉ်တကျပြုလုပ်သည့်ရာဇဝတ်မှုများနှင့် ဆက်စပ် သောဆောင်ရွက်ချက်များကိုဝင်ရောက်လုပ်ကိုင်သည့်လူပုဂ္ဂိုလ်များနှင့်ကျွန်ုပ်တို့ဆက်ဆံ ဆောင်ရွက်မည်မဟုတ်ပါ။
- ကျွန်ုပ်တို့သည်မဟုတ်မမှန်သော (သို့) အလွဲလွဲအချော်ချော်ဖြစ်နေသော ရေးသားဖော်ပြချက်များကို မပြုလုပ်ဘဲမလေးမစားဝေဖန်သောအမူအကျင့်များကိုလည်းကောင်း၊မှတ်ချက်များကိုလည်း ကောင်းအခြားလူများနှင့်စပ်လျဉ်း၍မပြုလုပ်ပါ။ မှားယွင်းပါကချက်ချင်းအမှားပြင်ပါမည်။
- ကုမ္ပဏီတာဝန်နှင့်စပ်လျဉ်း၍အကျိုးစီးပွားပဋိပက္ခများကိုကျွန်ုပ်တို့ထုတ်ဖော်ပေးရမည်။ ကုမ္ပဏီ အကျိုးစီးပွားထက်ပုဂ္ဂိုလ်ရေးအကျိုးစီးပွားများကိုဦးစားပေးခြင်းမပြုပါ။
- ကုမ္ပဏီ၏အကြောင်းကိစ္စများမှလွဲ၍ကုမ္ပဏီပစ္စည်းများကိုကျွန်ုပ်တို့အသုံးမပြုရပါ။
- ကုမ္ပဏီအတွင်းလူများ၏ပြုလုပ်ဆောင်ရွက်သောကုန်သွယ်ရေးလုပ်ငန်းများတွင်ကျွန်ုပ်တို့ ဝင် ရောက်ဆောင်ရွက်ခြင်း(သို့) ပါဝင်ပတ်သက်ခြင်းပြုမည်မဟုတ်ပါ။

## ၆ လူ့အဖွဲ့အစည်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင်ကျွန်ုပ် တို့ပါဝင်ဆောင်ရွက်ပေးပါမည်။

**ကျွန်ုပ်တို့၏စဉ်ဆက်မပြတ်အောင်မြင်မှု၏သော့ချက်သည်ဟန်ချက်ညီခြင်းနှင့်ပြည်သူ၊လူ့အဖွဲ့အစည်းနှင့်ကမ္ဘာမြေ တစ်သားတည်းအတူတကွဖွံ့ဖြိုးတိုးတက်လာရေးကိုကျွန်ုပ်တို့အလေးအနက် ယုံကြသည်။**

ထို့ကြောင့် -

- ကမ္ဘာအနှံ့ဒေသတွင်းလုပ်ငန်းလူ့အဖွဲ့အစည်းနှင့်အစိုးရအာဏာပိုင်တို့နှင့်အတူတကွအလုပ်လုပ် ကိုင် ခြင်းဖြင့်ကျွန်ုပ်တို့သည်ဒေသတွင်းကမ္ဘာအနှံ့လိုအပ်ချက်များကိုကျွန်ုပ်တို့ကိုယ်တိုင်ဆက်လက် သိမြင်လာ၍စက်မှုလုပ်ငန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်စဉ်ဆက်မပြတ်အခြေခံ အုတ်မြစ် တည်ဆောက်ဆောင်ရွက်ခြင်းလုပ်ငန်းများကိုပါဝင်ဆောင်ရွက်မည်။
- ကျွန်ုပ်တို့သည်လူမှုရေးလုပ်ငန်းတွင်ကမ္ဘာအနှံ့တက်တက်ကြွကြွပါဝင်၍အထူးသဖြင့်ပညာရေး၊ လူမှုဖူလုံရေးနှင့်ပတ်ဝန်းကျင်ရေးရာကိစ္စများတွင်ပိုမိုဖြစ်ထွန်းအောင်ဆောင်ရွက်သွားပါမည်။

## ၇ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် လုပ်ငန်းလည်ပတ်မှုကို ကျွန်ုပ်တို့အနေဖြင့် ပိုမိုဖြစ်ထွန်းအောင်ဆောင်ရွက်သွားပါမည်။

**ပတ်ဝန်းကျင်နှင့်ကျွန်ုပ်တို့၏လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုသည်ဟန်ချက်ညီ၍ကျွန်ုပ်တို့၏အခြေခံအတွေးအခေါ် ယူဆချက်အားနက်နက်နဲနဲအမြစ်တွယ်စေသည်။**

ထို့ကြောင့် -

- ပြည်တွင်းနှင့်ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်၊ဥပဒေနှင့်စံသတ်မှတ်ချက်များကိုကျွန်ုပ်တို့အနေဖြင့် အတိအကျလိုက်နာပေးရမည်။
- ကျွန်ုပ်တို့သည်ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သည့်နည်းပညာ၊ဝန်ဆောင်မှုများ၊ပစ္စည်းများနှင့် လုပ်ငန်းမော်ဒယ်များကိုပိုမိုတိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်သွားမည်။
- ကျွန်ုပ်တို့၏လုပ်ငန်းကိုဆောင်ရွက်ရာတွင်ဖြုန်းတီးမှုလျှော့ချရေး၊ပစ္စည်းများအားပြန်လည် အသုံးပြုရေးနှင့်အရင်းအမြစ်များကိုပြန်လည်အသုံးချရေးများကိုဆောင်ရွက်သွားပါမည်။
- ကော်ပိုရိတ်လုပ်ငန်းဆောင်ရွက်ရာတွင်ကျွန်ုပ်တို့သည်နည်းလမ်းတကျပတ်ဝန်းကျင်ထိခိုက်မှုအား ထည့်သွင်းစဉ်းစားပါမည်။
- ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်ဖြင့်ပတ်ဝန်းကျင်တွင်ကျွန်ုပ်တို့၏လုပ်ငန်းဆောင်ရွက်ရာထိခိုက်မှု အား သတိရှိရှိကြပ်မတ်ဆန်းစစ်ဆောင်ရွက်သွားမည်။

## ၈ ဖန်တီးတီထွင်နိုင်ခြင်းနှင့် KAIZEN တို့မှတန်ဖိုးကိုကျွန်ုပ်တို့ဖြည့်စွက်ပေးပါမည်။ (အဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်ခြင်း)

Innovation & Kaizen

**စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ခြင်း နည်းလမ်း ပေါ်ထွက်ရန်နှင့် ပြောင်းလဲနေသော လူ့အဖွဲ့အစည်းတွင် ဝင်ရောက်ဆောင်ရွက်ပေးရန် လူ့အဖွဲ့အစည်းအတွက် အကြံဉာဏ်သစ်နှင့် တန်ဖိုးများကို ဖန်တီးရေး ကတိကဝတ်ပေး ဆောင်ရွက်ပေးခြင်းနှင့်လုပ်ငန်းများဆက်လက်တိုးတက် ဖြစ်ထွန်းအောင် ပူးပေါင်းဆောင်ရွက်ပေးခြင်းသည် မရှိမဖြစ် လိုအပ်သည်။**

ထို့ကြောင့် -

- ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်နှင့် (value chains) တန်ဖိုးအလိုက် ဆက်လက် ဆောင်ရွက်ပေးမှုဖြင့် မတူကွဲပြားသည့် အကြံဉာဏ်၊ နည်းပညာများနှင့်ကျွမ်းကျင်မှုများကိုကျွန်ုပ်တို့အနေဖြင့် အပြန်အလှန်ချိတ်ဆက် မျှဝေဆောင်ရွက်သွားပါမည်။
- PDCA နှင့် KAIZEN လှုပ်ရှားမှုဖြင့်ကျွန်ုပ်တို့၏ လုပ်ငန်းမော်ဒယ်နှင့်လုပ်ငန်းစဉ်များကို ဆက်လက်ဖြစ်ထွန်းအောင်ဆောင်ရွက်ပါမည်။
- ကျွန်ုပ်တို့၏တန်ဖိုးချိတ်ဆက်ဆောင်ရွက်ခြင်း(value chains) နှင့်လုပ်ငန်းနယ်ပယ် အသစ်များတွင် ဖန်တီး တီထွင်မှုနှင့် KAIZEN တို့ကိုအားတက်သရောတိုးချဲ့ဆောင်ရွက်သွားမည်။

## ၉ လူ့အခွင့်အရေးကို ကျွန်ုပ်တို့ လေးစားပါမည်။

Respect Human Rights

**ကျွန်ုပ်တို့၏အခြေခံသဘောတရားခံယူချက်တွေးခေါ်ယူဆချက်များဖြင့်လူသားများအားလေးစားခြင်းကိုပို၍အမြစ်တွယ်စေသည်။ လူ့အခွင့်အရေးချိုးဖောက်မှုကို ကျွန်ုပ်တို့ သည်းခံမည်မဟုတ်ပါ။**

အထူးသဖြင့် -

- လူသား၏ဂုဏ်သိက္ခာကိုထိခိုက်သောမည်သည့်လုပ်ငန်းတွင်မဆိုကျွန်ုပ်တို့ဝင်ရောက်(သို့) ပါဝင်ပတ်သက်ခြင်းမပြုပါ။
- ကျွန်ုပ်တို့သည်လူမျိုး၊အသားအရောင်၊ကျား၊မ၊ဘာသာသာသနာ(သို့) နိုင်ငံသားဖြစ်မှု များကိုအခြေခံ၍ ခွဲခြားဆက်ဆံခြင်းမပြုပါ။
- ကျွန်ုပ်တို့သည်ကလေးအလုပ်သမား၊ လူကုန်ကူးမှု(သို့) အတင်းအဓမ္မ (သို့) ဆန္ဒမပါဘဲအလုပ်ခိုင်းစေခြင်းမျိုးတွင်ပါဝင်ပတ်သက်မည်မဟုတ်ပါ။
- မည်သည့်ပုံစံကိုမဆိုနှောင့်ယှက်စော်ကားမှုကျွန်ုပ်တို့အနေဖြင့်သည်းခံမည်မဟုတ်ပါ။
- လူ့အခွင့်အရေးချိုးဖောက်ခြင်းတွင်ပါဝင်ပတ်သက်သော(သို့)ဝင်ရောက်လုပ်ကိုင်ပေးနေသော မည်သည့်ပုဂ္ဂိုလ်ကိုမဆိုကျွန်ုပ်တို့ဆက်ဆံမည်မဟုတ်ပါ။



## ၁၀ ကျွန်ုပ်တို့ကုမ္ပဏီနှင့်လူ့အဖွဲ့အစည်းအတွင်းမတူကွဲပြားမှုနှင့် အားလုံးပါဝင်လာမှုကိုကျွန်ုပ်တို့ လက်ခံဆောင်ရွက်သွားမည်။

Diversity & Inclusion

**ဖန်တီးတီထွင်မှုနှင့်တိုးတက်မှုပင်ရင်းသည်မတူကွဲပြားမှုနှင့်အလုံးစုံပါဝင်မှုဖြစ်ကြောင်းကျွန်ုပ်တို့ယုံကြည်သည်။ လုပ်ငန်းပတ်ဝန်းကျင်နှင့်ကမ္ဘာအနှံ့customerများ၏လိုအပ်ချက်ကိုပိုမိုကောင်းမွန် လာစေရန် တုံ့ပြန်ခြင်းဖြင့် ကျွန်ုပ်တို့သည်မတူကွဲပြားမှုကိုအမျိုးမျိုးသောရှုထောင့်အမြင်များဖြင့် အထောက်အကူပြုနိုင်သည်။**

ထို့ကြောင့် -

- မတူကွဲပြားသည့်လူမျိုး၊နိုင်ငံသားဖြစ်မှု၊လိင်နှင့်အသက်အရွယ်အမျိုးမျိုးတို့သည်အလုပ်ခွင်တွင် မတူကွဲပြားသောအလုပ်သမားများဖြင့်အလုပ်လုပ်ကိုင်ရာတွင်ကျွန်ုပ်တို့အနေဖြင့်တက်တက်ကြွကြွ အတူ တကွလုပ်ကိုင်ဖြစ်ထွန်းအောင်ဆောင်ရွက်သွားမည်။
- ၎င်းတို့၏လူမျိုးနှင့်နိုင်ငံသားဖြစ်မှု (သို့)ကျား၊မကွဲပြားမှုကိုပဓာနမထားဘဲအဖွဲ့ဝင်များအားလုံးကို တူညီသောအခွင့်အလမ်းကျွန်ုပ်တို့ပိုမိုပေးသွားမည်။
- ကျွန်ုပ်တို့သည်အဖွဲ့အစည်းများအဖွဲ့ဝင်များအဆင့်ဆင့်ကြားလည်းကောင်း၊တစ်ခုလုံးကို လည်းကောင်းပွင့်ပွင့်လင်းလင်းဆက်သွယ်မှုကိုပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပါမည်။
- ယှဉ်ပြိုင်အကျိုးခံစားခွင့်ရရှိရန်လုပ်ငန်းများပူးပေါင်းဆောင်ရွက်ပြီးနောက်ပိုင်းအတူတကွ ပူးပေါင်းဆောင်ရွက်ရာမှဖြစ်ထွန်းလာသောကျွမ်းကျင်မှုကိုကျွန်ုပ်တို့မြှင့်တင်ဆောင်ရွက်သွားပါမည်။
















# COCE အတည်ပြု ဇယား



ဤအရာသည် COCE နှင့်အမြဲတစေကိုက်ညီမှုရှိပါသလား။

**စတင်ပါ**

- **အဆင့် ၁** ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးအရ စိတ်ချရပါသလား? — YES: အဆင့် ၂ / NO: ရပ်တန့်ပါ။
- **အဆင့် ၂** ဥပဒေအရ တရားဝင်ဖြစ်ပါသလား? — YES: အဆင့် ၃ / NO: ရပ်တန့်ပါ။
- **အဆင့် ၃** ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီပါသလား? — YES: အဆင့် ၄ / NO: ရပ်တန့်ပါ။
- **အဆင့် ၄** သင်၏မိသားစု သိရှိပါက သင်ဂုဏ်ယူနိုင်ပါမည်လား? — YES: အဆင့် ၅ / NO: ရပ်တန့်ပါ။
- **အဆင့် ၅** လူ့အဖွဲ့အစည်းကို အကျိုးပြုပါသလား? — YES: အဆင့် ၆ / NO: ရပ်တန့်ပါ။
- **အဆင့် ၆** ပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးကို ဖြစ်ပါစေသလား? — YES: အဆင့် ၇ / NO: ရပ်တန့်ပါ။
- **အဆင့် ၇** လူ့အခွင့်အရေးကို လေးစားလိုက်နာပါသလား? — YES: ပန်းတိုင် ရည်မှန်းချက်

**ရပ်တန့်ပါ။**
ဤအရာသည် COCE နှင့် ကိုက်ညီမှုမရှိပါ။ ကျေးဇူးပြု၍ ပြန်လည်သုံးသပ်ပါ။
✕

**ပန်းတိုင် ရည်မှန်းချက်**
ကိုက်ညီမှုရှိကြောင်း အတည်ပြုအပ်ပါသည်။

# မည်သည့် COCE အချက်ကိုမဆို ချိုးဖောက်ပါက ချက်ချင်း အသိပေးအကြောင်းကြားသတင်းပို့ရန်

**COCE ကို အခြေခံ၍ ပိုမိုကောင်းမွန်သော ယဉ်ကျေးမှုဓလေ့ကိုတည်ဆောက်နိုင်စေရန်အတွက် COCE အားချိုးဖောက်နိုင်ချေရှိကြောင်းကို သင်တွေ့ရှိပါက ချက်ချင်းအသိပေး အကြောင်းကြားရန် အရေးကြီးပါသည်။**



- ဝန်ထမ်းများနှင့် အမှုဆောင်အရာရှိများအားလုံး သည် COCE ချိုးဖောက်မှုနှင့်ပတ်သတ်သည့် မည်သည့်ကိစ္စရပ်မျိုးမဆို သက်ဆိုင်ရာ လမ်းကြောင်းများ*မှ တစ်ဆင့် မဆိုင်းမတွ ချက်ချင်းအသိပေး အကြောင်းကြားရပါမည်။
- COCE ချိုးဖောက်ခြင်းနှင့်ပတ်သက်၍ ကုမ္ပဏီမှ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ဝန်ထမ်းများနှင့် အရာရှိများအားလုံးသည် အပြည့်အဝ ပူးပေါင်းပါဝင် ဆောင်ရွက်ရပါမည်။
- Toyota Tsusho အုပ်စုသည် COCE ချိုးဖောက်မှုများကို သစ္စာရှိရှိ သဘောရိုးဖြင့် အစီရင်ခံခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးမှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သူများအား လက်တုံ့ပြန်သည့် လုပ်ရပ်များ၊ တရားမျှတမှုမရှိသော ဆက်ဆံမှုများကို တင်းကျပ်စွာ တားမြစ်ထားပါသည်။

| * သင့်လျော်ရာ လမ်းကြောင်းများ | ① အဖွဲ့အစည်းဆိုင်ရာ အဆင့်ဆင့်အသိပေးအကြောင်းကြားချင်း (ကြီးကြပ်သူ၊ အစရှိသဖြင့်)<br>② သင့်လျော်ရာ ဌာနခွဲများ |
|---|---|

**သင့်လျော်ရာ လမ်းကြောင်းများမှတစ်ဆင့် အသိပေးအကြောင်းကြားရာတွင် အခက်အခဲ တစုံတရာရှိမည်ဆိုပါက၊ မိမိကုမ္ပဏီရှိ အသိပေးထုတ်ဖော်ပြောဆိုခြင်းစနစ် မှတဆင့် အကြောင်းကြားနိုင်ပါသည်။**



## SPEAK UP

Toyota Tsusho အုပ်စုသည် "SPEAK UP" ဟုခေါ်သော တစ်ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီ၏အတွင်းပိုင်း အသိပေးထုတ်ဖော်ပြောဆိုခြင်းစနစ်တစ်ခုကိုတည်ထောင်ထားပါသည်။ သင့်လျော်ရာ လမ်းကြောင်းများမှတစ်ဆင့် အသိပေးအကြောင်းကြားရာတွင် အခက်အခဲ တစုံတရာရှိမည်ဆိုပါက၊ ကမ္ဘာလုံးဆိုင်ရာ စနစ်မှသော်လည်းကောင်း၊ မိမိကုမ္ပဏီရှိ အသိပေးထုတ်ဖော်ပြောဆိုခြင်း စနစ်မှတဆင့် သော်လည်းကောင်း အကြောင်းကြားနိုင်ပါသည်။




**အသေးစိတ်အချက်အလက်များကို သိရှိလိုပါက G-TWINS မှတစ်ဆင့် "Toyota Tsusho အုပ်စု၏ အသိပေးထုတ်ဖော်ပြောဆိုခြင်းစနစ်" ကို ကိုးကားနိုင်ပါသည်။**

https://ttc-g-twins.toyotsu.co.jp/compliance_kikikanri/page_000008.html